# The Yangon Declaration အာဆီယံလူငယ်ထုတ်ပြန်ကြေငြာချက်

(၂၀၁၄ ရန်ကုန်၊ မြန်မာတွင်ကျင်းပသော AYFမတွင်အတည်ပြုခဲ့သည်။ )

တစ်ခုတည်းအသိုင်းအဝိုင်း၊ တစ်ခုတည်းမဟာဗျူဟာ၊ လူငယ်စည်းလုံးညီညွတ်ရေးအတွက်!

ကျွန်ုပ်တို့အာဆီယံလူငယ်များသည်ကျွန်ုပ်တို့ဘဝတွင်ရှိသောလူ့အခွင့်အရေး၊ဒီမိုကရေစီ၊တရားမျှတမှု၊လွတ်လပ်ရေးဆိုင်ရာအခြေခံကိုယ်ကျင့်တရားများနှင့်အညီဦရှိကြသောအာဆီယံအသိုက်အဝန်း၏ခွဲခြားဆက်ဆံမှုတားမြစ်ရေး၊တန်းတူညီမျှရေး၊ငြိမ်းချမ်းရေး၊ကာကွယ်စောင့်ရှောက်ရေး၊ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်လူမျိုးမရွေးဖွံ့ဖြိုးတိုးတက်မှုများကို
မြှင့်တင်ရန်ရည်ရွယ်သည်။

ကျွန်ုပ်တို့အာဆီယံလူငယ်များသည်ရေရှည်တည်တံ့ခိုင်မြဲသော၊လူမျိုးမရွေးပါဝင်နိုင်သော၊လူထုဦးစားပေးသော
နှင့်လူငယ်များဦးတည်သောဒေသဆိုင်ရာအသိုင်းအဝိုင်းဖန်တီးမှုရှိရန်ကိုခိုင်မြဲစွာတောင်းဆိုပါသည်။

ကျွန်ုပ်တို့အာဆီယံလူငယ်များသည်ကျွန်ုပ်တို့အာဆီယံနိုင်ငံရှိခေါင်းဆောင်များကိုလူငယ်များ၏လိုအပ်ချက်နှင့်မျှော်မှန်းချက်များကိုဖြည့်ဆည်းပေးခြင်းနှင့်၂၀၁၅နောက်ရှိဒေသဖွံ့ဖြိုးရေးအစီအစဉ်ကိုလက်ခံယုံကြည်မှုရှိစေရန်ဖန်တီးသောဒေသ၊အမျိုးသားနှင့်ဒေသန္တရအဆင့်ရှိပတ်ဝန်းကျင်ကိုတည်ဆောက်ရန်ခိုင်မြဲစွာတောင်းဆိုပါသည်။

ကျွန်ုပ်တို့၏ ရည်မှန်းချက်ကိုရရှိခြင်းခိုင်မြဲစွာတောင်းဆိုရန်အချက်အလက်များ -

၁။ ASEAN Youth Forum(AYF)ကို အရှေ့တောင်အာရှလူငယ်များ၏အသံကိုကိုယ်စားပြုပြီးလူငယ်နှင့်သက်ဆိုင်သည့်မူဝါဒများ၊အစီအစဉ်များနှင့်အကြံပြုချက်များ၏အကောင်အထည်ဖော်မှုကိုစောင့်ကြည့်အကဲဖြတ်သောလူငယ်အခြေပြု၊ကိုယ်ပိုင်အုပ်ချုပ်ပြီးလွတ်လပ်မှုရှိသောဒေသဆိုင်ရာလှုပ်ရှားမှုတစ်ခုဖြစ်ကြောင်း
အသိအမှတ်ပြုရန်။

၂။လူမျိုးဘာသာမရွေးပါဝင်နိုင်ခြင်း၊အသုံးပြုနိုင်ခြင်း၊ခွဲခြားဆက်ဆံမှုတားမြစ်ရေမရှိခြင်း၊လိုအပ်ချက်များအပေါ်အခြေခံရရှိခြင်း၊သက်သေအထောက်အထားအခြေပြုခြင်းနှင့်လူ့အခွင့်အရေးဗဟိုပြုချဉ်းကပ်မှုဆိုင်ရာရိုးရာနှင့်အလွတ်သဘောပညာရေးကိုပံ့ပိုးကူညီပေါင်းစည်းရန်။

၃။လူငယ်များ၏နိုင်ငံရေးအမြင်များနှင့်အဆင့်အတန်း၊SOGIE(လိင်စိတ်ကိုင်းညွတ်မှု၊ကျား၊မဝိသေသလက္ခဏာနှင့်ဖော်ပြမှု)၊ဘာသာရေးနှင့်လူမှုစီးပွားရေးအဆင့်အတန်းကိုပြစ်မှုကျူးလွန်ခြင်းနှင့်ခွဲခြားဆက်ဆံခြင်းကိုသွယ်ဝိုက်ထိခိုက်နိုင်သောမူဝါဒများနှင့်ဥပဒေများကိုချက်ချင်းပြုပြင်ပြောင်းလဲပြီးရုပ်သိမ်းခြင်းနှင့်

၄။လူငယ်အုပ်စုများအားလုံးအဖိုးတန်ပါဝင်မှုရရှိနိုင်ပြီးဒီပါဝင်မှုကိုဦးစားပေးရန်ငယ်ရွယ်ထိခိုက်လွယ်အုပ်စုများမှာဆယ်ကျော်သက်မိန်းကလေးငယ်များ၊LGBTIQ+(ကွဲပြားခြားနားသောလိင်စိတ်ကိုင်းညွတ်မှု၊ကျား၊မဝိသေသလက္ခဏာနှင့်ဖော်ပြမှုရှိသောလူငယ်အုပ်စုများ )၊မသန်စွမ်းသူများ၊ဌာနေတိုင်းရင်းသားများ၊ဘာသာရေးဆိုင်ရာလူနည်းအုပ်စုများ၊ရွှေ့ပြောင်းသမားများ၊နိုင်ငံမဲ့သူများ၊ဆင်းရဲနွမ်းပါးသူများ၊ဘာသာစကားဆိုင်ရာလူနည်းစုများ၊အမျိုးသမီး

များ၊ကိုယ်ဝန်ဆောင်မိန်းကလေးများ၊ကလေးများ၊စစ်နှင့်လူမှုရေးဆိုင်ရာအခြေအနေများတွင်နေထိုင်သောသူများ၊လိင်အလုပ်သမားများ၊HIVနှင့်AIDSရောဂါဖြင့်နေထိုင်သောသူများ၊ကျောင်းထွက်သူများ၊မူးယစ်ဆေးဝါးသုံးစွဲသူများနှင့်ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များကိုစစ်မှန်သောဒီမိုကရေစီဆိုင်ရာတိုင်ပင်ဆွေးနွေးမှုများနှင့်အခြားအရင်းအမြစ်များကိုလုံလောက်သေ ာရန်ပုံငွေခွဲဝေချပေးခြင်း၊လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်စုဝေးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း။

၅။လူငယ်များနှင့်အောက်ပါကိစ္စရပ်များအားအပြည့်အဝကိုင်တွယ်ဖြေရှင်းနိုင်ရန်ချက်ချင်းအရေးယူခြင်း -

*လူငယ်များမှအစခန်းကဏ္ဍ နှင့်ငြိမ်းချမ်းရေးပြန်လည်သင့်မြတ်ရေး၏အကျိုးသက်ရောက်မှုများ -*

- အစိုးရများနှင့်သက်ဆိုင်သူအမျိုးမျိုးတို့နှင့်ငြိမ်းချမ်းသောတွေ့ဆုံဆွေးနွေးမှုများကိုပြု လုပ်ထောက်ခံရန်။
- သင်ရိုးညွှန်းတမ်းများနှင့်အခြားငြိမ်းချမ်းရေးတည်ဆောက်မှုအစီအစဉ်များတွင်လူငယ်သီးသန့်ငြိမ်းချမ်းရေးဆိုင်ရာပ ညာရေးများကိုတည်ဆောက်ရန်။
- လူငယ်များပိပက္ခဖြစ်ပွားရာဒေသများတွင်သီးသန့်ရှိသောအသိုင်းအဝိုင်း၊အမျိုးသားရေးနှင့်ဒေသဆိုင်ရာဘာသာပေါင် းတွေ့ဆုံဆွေးနွေးပွဲများနှင့်ယဉ်ကျေးမှုပေါင်းစုံဖလှယ်မှုများအတွက်အဖိုးတန်သောငြိမ်းချမ်းရေးတည်ဆောက်ရန်ကြိုး ပမ်းမှုများကိုပါဝင်နိုင်အောင်အန္တရာယ်ကင်းသောနေရာများပေးရန်နှင့်
- ပိပက္ခဖြစ်ပွားရာဒေသများတွင်ထိခိုက်မှုခံရသောလူငယ်များအတွက်အကာအကွယ်ပေးရန်။

- ကောင်းမွန်သောအုပ်ချုပ်မှု၊ ဒီမိုကရေစီနှင့်လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်:

  - လက်ရှိလူငယ်အစိုးရအဖွဲ့အစည်းများနှင့်လူငယ်မူဝါဒများကိုမူဝါဒအကောင်အထည်ဖော်မှုအဆင့် အားလုံးတွင်အဖိုးတန်ပါဝင်မှုရရှိနိုင်ရန်ပြုပြင်ပြောင်းလဲခြင်းနှင့်အားဖြည့်ခြင်း။
  - လူငယ်များ၏ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၏အခြေခံမှုများနှင့်ဆန့်ကျင်သောဥပဒေများနှင့်မူဝါဒများကိုပြန်လည်သုံး သပ်ခြင်းနှင့်ဖျက်သိမ်းခြင်းပြီးလွတ်လပ်၍တရားမျှတပြီးငြိမ်းချမ်းသောရွေးကောက်ပွဲများ၊လွတ်လပ်သောမီဒီယာ၊ ပွင့်လင်းမြင်သာမှုတာဝန်ခံမှုနှင့်သတင်းအချက်အလက်ရယူနိုင်မှုပေးခြင်းနှင့်
  - အာဆီယံအတွင်းရှိလူငယ်များအခွင့်အရေးမြှင့်တင်၊ကာကွယ်ခြင်းနှင့်ဒေသဆိုင်ရာလူငယ်အဖွဲ့အစည်း များကိုထောက်ပံ့ကူညီပေးခြင်းတို့ကိုသေချာစေရန်ဒေသဆိုင်ရာအဖွဲ့အစည်းများကိုမြှင့်တင်ခြင်း။

- အရှေ့တောင်အာရှလူငယ်များအတွက်ကောင်းမွန်သောအလုပ်နှင့်အသက်မွေးဝမ်းကျောင်းမှုရရှိရေးကိုသေချာစေရန်:

- အာဆီယံလူငယ်များအတွက်လည်ပတ်သောလုပ်ငန်းကိုဖန်တီးရန်ပွင့်လင်းမြင်သာသော၊ လူငယ်များအတွက်ဖော်ရွေမှုရှိသောနှင့်သက်သေအထောက်အထားအခြေခံသည့်အမျိုးသား အလုပ်အကိုင်မူဝါဒများအားအကောင်အထည်ဖော်ခြင်း၊၊ဒီမူဝါဒများသည်အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO)၏ တည်ငြိမ်လုံခြုံသော၊ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့်ကောင်း မွန်သောလုပ်ခလစာနှင့်အသက်မွေးဝမ်းကြောင်းဖွံ့ဖြိုးမှုအခွင့်အလမ်းများပေးသောစံနှုန်းကို လိုက်နာမည်၊၊

- အာဆီယံလူငယ်များသည်ကောင်းမွန်သောအလုပ်အကိုင်အခွင့်အလမ်းများကိုရရှိရန်လို အပ်သောသတင်းအချက်အလက်နှင့်ကျွမ်းကျင်မှုများရရှိခြင်း၊သင်တန်းများ၊ဆက်လက်ပညာ ရှင်ဆန်ခြင်း၊ရိုးရာ၊အလွတ်သဘောနှင့်ရိုးရာမဟုတ်သောချဉ်းကပ်နည်းများကိုအသုံးပြုသော၊ အလုပ်ခန့်အပ်ခြင်းဆိုင်ရာအကြံပေးသော၊လူမှုကာကွယ်စောင့်ရှောက်မှုပေးသော၊လမ်းညွှန်ရေးနှင့်ကျွမ်းကျ င်မှုခွဲဝေသောပုဂ္ဂလိကအစိတ်အပိုင်းအစီအစဉ်များမှလူငယ်စွမ်းဆောင်ရည်၊ အလုပ်သင်အခွင့်အလမ်းနှင့်စွမ်းရည်မြှင့်တင်ပေးရန်အလုပ်အကိုင်အခွင့်အလမ်းများနှင့်ကျွမ်းကျင်သောလု ပ်သားအင်အားဖန်တီးပေးခြင်းဦးစားပေးရန်နှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း၊၊

- လူငယ်များ၏ လှုံ့ဆော်မှုကိုတည်ဆောက်ခြင်းနှင့်တိုးတက်အောင်ရင်းနှီးမြှုပ်နှံခြင်း။သို့ဆိုလျှင် ၎င်းသည်လူငယ်များအားသူတို့၏ အသက်မွေးဂမ်းကျောင်းမှုနှင့်အနာဂတ်အတွက်ဆုံး ဖြတ်ချက်ချခြင်းအဆင့်အားလုံးတွင်ပါဂင်ရန်အားဖြည့်ပေးသည့်အပြုသဘောဆောင်သောပတ်ဂန်းကျင်ကို ဖန်တီးရန်အထောက်အကူပြုနိုင်သည်။

- ခွဲခြားဆက်ဆံမှုမှုကင်းသောနှင့်မတူကွဲပြားမှုကိုလေးစားလျောက်ပတ်သောအလုပ်ကိုလူသားဆန်စွာတန်း တူညီမျှရရှိစေရန်သေချာစေပါပြီးထိခိုက်လွယ်ပြီးရွှေ့ပြောင်းအလုပ်သမားများအပါ အဂင်လူငယ်များအားလုံးအတွက်လူ့ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးခြင်း။အာဆီယံ သည်လုပ်သားအင်အားအဆင့်နှင့်အပိုင်းအစအားလုံးတွင်ရှိသောကျားမဘက်လိုက်မှုကိုဖယ်ရှားရမည်။ ဒိပြီး

- အလုပ်သမားဈေးကွက်တွင်ရှိသောလူငယ်များအားခွဲခြားဆက်ဆံခြင်းကိုဖြေရှင်းသည့်ပေါ် လစီများကိုအ ကောင်အထည်ဖော်ပြီးပြဋ္ဌာန်းရန်။

- အရှေ့တောင်အာရှလူငယ်များအားလုံးအတွက်အရည်အသွေးရှိသောပညာရေး :

    - လူငယ်များအတွက်နှင့်သူတို့နှင့်အတူဖန်တီးသောသက်ဆိုင်ရာနှင့်စံချိန်စံညွှန်းမီမူဘောင် ,ညာ

အခြေပြုပညာရေးအစီအစဉ်များ (ရိုးရာ၊အလွတ်သဘောနှင့်ရိုးရာမဟုတ်သော)ဖော်ထုတ်နှင့်ဖွံ့ဖြိုးခြင်း။ပည
ာရေးဆိုင်ရာဂုန်ထမ်းများ၊အခြေခံအဆောက်အအုံ၊သင်ကြားရေး၊သင်ထောက်ကူ
ပစ္စည်းများနှင့်အဆောက်အအုံများ၏ အရည်အသွေးကိုသေချာထိန်းသိမ်းရမည်။

- လူငယ်များစွမ်းရည်မြှင့်တင်ရေးနှင့်တည်ဆောက်ခြင်းကိုအာရုံစိုက်သော၊ခွဲခြားဆက်ဆံမှုကင်းသောနှင့်အရည်အသွေးရှိသောပညာရေးကိုသေချာရစေရန်ရန်ပုံငွေများကိုစနစ်တကျခွဲဝေချထားပေးပါ။ ဒီပြီး
- အားလုံးအတွက်အခမဲ့၊လက်လှမ်းမီနိုင်ပြီးရရှိနိုင်သောပညာရေးအတွက်ပြဋ္ဌာန်းထားသောဒေသဆိုင်ရာမူဝါဒချမှတ်ခြင်း။

- လူငယ်များ၏ လိင်နှင့်မျိုးဆက်ပွားဆိုင်ရာကျန်းမာရေးနှင့်အခွင့်အရေးများကိုစွမ်းရည်မြှင့်တင်ပေးခြင်း။ (ကျားမတန်း၊လိင်၊ကျန်းမာရေးလက်လှမ်းမီမှုနှင့်ပြည့်စုံသောလိင်ပညာရေး) :

    - လူငယ်များပါဝင်နိုင်သောမျိုးဆက်ပွားနှင့်လိင်ပိုင်းဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများကိုဒေသတွင်းရှိမည်သူမဆိုကိုအပြည့်အဝထောက်ပံ့ခြင်း။ဒါသည်LGBTIQလူငယ်များ၊ရွှေ့ပြောင်းအလုပ်သမားငယ်များ၊ နိုင်ငံမဲ့လူငယ်များ / ဒုက္ခသည်များ၊ လူငယ်လိင်လုပ်သားများ - အမျိုးသား၊ အမျိုးသမီး၊ လိင်အင်္ဂါပြောင်းလဲထားတဲ့သူများပါဝင်ပါသည်။ ဒီပြီး
    - လူငယ်များအားလုံးအတွက်ပြည့်စုံသောလိင်မှုဆိုင်ရာအခွင့်အရေးအခြေခံသည့်သတင်းအချက်အလက်နှင့်ပညာရေးကိုပေးအပ်ပါ။သင်ကြားရေးနည်းဗျူဟာများကိုခွဲခြားထားပြီးအမျိုးသမီးနှင့်အမျိုးသားကျောင်းသားများ၏ လိုအပ်ချက်များကိုဖြည့်ဆည်းရန်ပြောင်းလွယ်ပြင်လွယ်ရှိရမည်။အထူးသဖြင့်အထူးလိုအပ်ချက်များရှိသည့်လူငယ်များ-ကျောင်းမတက်သောလူငယ်များသို့မဟုတ်ငယ်ရွယ်အိမ်ထောင်သည်အမျိုးသမီးများ-အားလိင်မှုကိစ္စနှင့်ပတ်သက်၍တရားဝင်ပညာရေးထက်အခြားနည်းစနစ်များဖြင့်သင်ကြားရမည်။

- ရွှေ့ပြောင်းနေထိုင်သောလူငယ်များ :ဘေးကင်းလုံခြုံမှု၊လွတ်လပ်ခွင့်နှင့်သူတို့၏ အခွင့်အရေးများရရန်ကိုသေချာစေခြင်း။ (လူကုန်ကူးခြင်း၊ ဒုက္ခသည်များ၊ နိုင်ငံမဲ့ဖြစ်ခြင်း၊နှင့်ရွှေ့ပြောင်းအလုပ်သမားများ):

    - လူထုဗဟိုပြုသည့်သမိုင်း၊လူ့အခွင့်အရေး၊ရွှေ့ပြောင်းခြင်းနှင့်ယဉ်ကျေးမှုဆိုင်ရာတန်ဖိုးထားလေးမြတ်မှုတို့ကိုအလေးထားသည့်တရားဝင်နှင့်ပညာရေးသင်ရိုးညွှန်းတမ်းကိုအကောင်အထည်ဖော်ရန်။
    - ငယ်ရွယ်သောရွှေ့ပြောင်းအလုပ်သမားများအားတရားဝင်၊ကျွမ်းကျင်မှုအခြေပြု၊အလွတ်သဘောနှင့်အလွတ်သဘောမဟုတ်သောပညာရေးအဆင့်အားလုံးသို့အပြည့်အဝဝင်ရောက်ခွင့်ကိုးရရန်ကိုသေချာစေခြင်း၊

- ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးနှင့်လွတ်လပ်ခွင့်များ ကိုမြှင့်တင်ရန်နှင့်ကာကွယ်ရန်မူဝါဒများကိုရေးဆွဲအကောင်အထည်ဖော်ရန်၊အထူးသဖြင့်အထောက်အထားမဲ့သူများ၊ နိုင်ငံမဲ့သူများ၊ ခိုလှုံခွင့်တောင်းခံလူငယ်များ နှင့်
- ရွှေ့ပြောင်းလူငယ်များကိုတိုက်ရိုက်အကျိုးသက်ရောက်သည့်နိုင်ငံတကာအလုပ်သမားနှင့်လူ့အခွင့်အရေးဆိုင်ရာစည်းဝေးကြီးများကိုချက်ချင်းအတည်ပြုခြင်း။

- ဒေသဆိုင်ရာပတ်ဝန်းကျင်ကိုအကောင်အထည်ဖော်ခြင်းနှင့်ထိန်းသိမ်းခြင်း(ကိုယ်ပိုင်ပြဌာန်းခွင့်၊ဒေသဆိုင်ရာဉာဏ်ပညာနှင့်ဌာနေယဉ်ကျေးမှုကိုထိန်းသိမ်းခြင်း):

- ဒေသဆိုင်ရာနှင့်နိုင်ငံဖြတ်ကျော်ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကိုကိုင်တွယ်ဖြေရှင်းရန်ရည်ရွယ်သည့်လူငယ်-အစပြုအစိမ်းရောင်အစီအစဉ်များကိုကူညီပံ့ပိုးခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာတရားမျှတမှုကိုအသိအမှတ်ပြုပြီးမျှတစွာဆက်ဆံခြင်းနှင့်လူငယ်များပတ်ဝန်းကျင်ဆိုင်ရာဥပဒေ၊စည်းမျဉ်းများနှင့်မူဝါဒများကိုဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ရန်နှင့်ပြဌာန်းရန်ပါဝင်ပတ်သက်မှုပေးခြင်း။
- ဒေသတွင်းနှင့်နိုင်ငံဖြတ်ကျော်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့်ပတ်သက်သည့်သတင်းအချက်အလက်များကိုပွင့်လင်းမြင်သာမှု၊တာဝန်ခံမှုနှင့်အခွင့်အရေးများပေးခြင်း။
- ရေရှည်တည်တံ့ခိုင်မြဲသောပတ်ဝန်းကျင်ကျန်းမာရေးကိုသေချာစေရန်တိုင်ပင်မှုများနှင့်ဆွေးနွေးဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင်လူငယ်များကိုပါဝင်မှုအခွင့်အလမ်းပေးခြင်း။ ဒီပြီး
- လူငယ်များအတွက်ဘေးအန္တရာယ် - ကြိုတင်ကာကွယ်ပြင်ဆင်ရေးကိုတိုးတက်စေခြင်း။

ကျွန်ုပ်တို့အာဆီယံလူငယ်များသည်ဒေသခံ၊အမျိုးသားရေးနှင့်ဒေသဆိုင်ရာဦးဆောင်ရန်အခွင့်အလမ်းများကိုအမြဲလွတ်လပ်စွာအသုံးပြုပြီးကျွန်ုပ်တို့၏အခွင့်အရေးများကိုရယူဦးဆောင်ခြင်းနှင့်လူထုဗဟိုပြုအာဆီယံအသိုက်အဝန်းထူထောင်ခြင်း။

လူငယ်အခွင့်အရေးသည်အခြေခံလူ့အခွင့်အရေးများဖြစ်သည်။

ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်